**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ**

**[နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၄/၉၅]**

**ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်**

**(၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**

**[ ပြင်ဆင် : 13.09.1995, 30.12.1997, 11.02.2024 ]**

Amending Law

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေ**ဟုခေါ်တွင်စေရမည်။

<ပြင်ဆင် 13.09.1995>

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အမှုထမ်းနေကြသော ရဲတပ်ဖွဲ့ဝင်အားလုံးသည် မည်သည့်နေရာအရပ်၌ ရောက်ရှိ နေစေကာမူ ဤဥပဒေကို လိုက်နာကြရမည်။

<ပြင်ဆင် 13.09.1995>

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည်ရာဇသတ်ကြီးတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **ရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကို ဆိုသည်။

(ဃ) **ရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့နှင့်ရဲလေ့ကျင့်ရေးကျောင်းများလည်း ပါဝင်သည်။

(င) **ရဲတပ်ဖွဲ့ဖွဲ့စည်းပုံ** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ဆိုသည်။

(စ) **တပ်ဖွဲ့** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့နှင့် သီးခြားလုပ်ငန်းတာဝန်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ခွဲများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များလည်း ပါဝင်သည်။

(ဆ) **ပြန်တမ်းဝင်ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲမှူးနှင့် ယင်းအထက်အဆင့်ရှိ ရဲအရာရှိကို ဆိုသည်။

(ဇ) **ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲအုပ်နှင့် ယင်းအထက်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဈ) **အထက်အရာရှိ** ဆိုရာတွင် ဤဥပဒေကို လိုက်နာရသူတစ်ဦးနှင့်ပတ်သက်၍ ရာထူးအဆင့်အလိုက် သုံးနှုန်းထားသည့်အခါ ရဲအရာရှိများအပြင် ရဲအရာခံနှင့် အကြပ်တို့လည်း ပါဝင်သည်။

(ည) **အကြပ်** ဆိုသည်မှာ ရဲတပ်ဖွဲ့တွင် အကြပ်အဆင့်လက်ရှိဖြစ်သောသူကို ဆိုသည်။

(ဋ) **ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်ထားခြင်းခံရသူကိုဆိုသည်။

(၄) **ရဲပြေး** ဆိုသည်မှာ ရဲတပ်ဖွဲ့မှ ထာဝရကျောခိုင်းလိုသောရည်ရွယ်ချက်ဖြင့် ခွင့်မဲ့ ထွက်ခွာသွားသော သို့မဟုတ် ၂၁ ရက်နှင့် ၎င်းကာလထက်ကြာပြီး ခွင့်မဲ့ထွက်ခွာသွားသော ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

<ပြင်ဆင် 13.09.1995, 11.02.2024>

## အခန်း (၂)
## နစ်နာမှုကိုတင်ပြခြင်း

☐ **၄။** (က) ဤဥပဒေကို လိုက်နာရသည့်ရဲအရာရှိ မဟုတ်သူတစ်ဦးသည် အထက်ရဲအရာရှိတစ်ဦးဦးကမိမိအား မတရား ပြုသည်ဟု မှတ်ယူပါက မိမိ၏ အထက်ရဲအရာရှိထံဖြစ်စေ၊ မိမိကိုကွပ်ကဲသော ရဲတပ်ဖွဲ့မှူးထံဖြစ် စေတိုင်ကြားနိုင်သည်၊

(ခ) တိုင်ကြားခြင်းခံရသော အထက်ရဲအရာရှိသည် ပုဒ်မခွဲ (က)အရ တိုင်ကြားချက်ကို လက်ခံရမည့်အရာ ရှိဖြစ်သည့် အခါ နစ်နာသူသည်ထိုရဲအရာရှိထက် တစ်ဆင့်မြင့်သော အထက်ရဲအရာရှိထံတိုင်ကြားနိုင်သည်၊

(ဂ) တိုင်ကြားချက်ကို လက်ခံရရှိသော ရဲအရာရှိသည်တိုင်ကြားသူအား အစွမ်းကုန် ကာကွယ်ပေးရန်အလို့ ငှာ တိုင်ကြား ချက်နှင့် စပ်လျဉ်း၍ ပြည့်စုံနိုင်သမျှပြည့်စုံအောင် စုံစမ်းစစ်ဆေးရမည်၊ လိုအပ်သလိုအရေး ယူဆောင်ရွက်ရမည်၊ လိုအပ်လျှင်တိုင်ကြားချက်ကို အထက်အာဏာပိုင်ထံသို့ တင်ပြရမည်၊

(ဃ) တိုင်ကြားချက်အသီးသီးကို သက်ဆိုင်ရာအာဏာပိုင်က အခါအားလျော်စွာ သီးခြားဖော်ပြသည့် နည်းလမ်းအတိုင်း တင်သွင်းရမည်၊

(င) ရဲချုပ်သည် ပုဒ်မခွဲ (ဂ)အရ ဆောင်ရွက်ချက်ကို လိုအပ်သလိုပြင်ဆင်နိုင်သည်။

<ပြင်ဆင် 11.02.2024>

☐ **၅။** (က) မည်သည့်ရဲအရာရှိမဆို မိမိ၏အထက်ရဲအရာရှိ တစ်ဦးကမိမိအား မတရားပြုသည်ဟု မှတ်ယူပါက မိမိ၏ရဲတပ်ဖွဲ့ခွဲ မှူး၊ မိမိ၏ ရဲတပ်ဖွဲ့မှူး သို့မဟုတ် မတရားပြုသည်ဟု စွပ်စွဲခံရသောရဲအရာရှိထက် တစ်ဆင့်မြင့်သော ရဲတပ်ဖွဲ့မှူးထံ အ ဆင့်ဆင့်နည်းလမ်းတကျတိုင်ကြားနိုင်သည်။ ထိုသို့တိုင်ကြားလျက် နှင့် မိမိရထိုက်သည်ဟု ယူဆသောကာကွယ်နိုင်ခွင့် သို့မဟုတ် ရယူနိုင်ခွင့်ကိုမရရှိလျှင် သက်ဆိုင်ရာအာ ဏာပိုင်က အခါအားလျော်စွာ သီးခြားဖော်ပြထားသည့် နည်းလမ်း အတိုင်း ရဲချုပ်ထံတိုင်ကြားနိုင်သည်၊

(ခ) တိုင်ကြားချက်ကို လက်ခံရရှိသော ရဲအရာရှိသည်တိုင်ကြားသူအား အစွမ်းကုန်ကာကွယ်ပေးရန်အလို့ ငှာ တိုင်ကြား ချက်နှင့် စပ်လျဉ်း၍ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်စုံစမ်းစစ်ဆေးရမည်၊ လိုအပ်သလိုအရေး ယူဆောင်ရွက်ရမည်၊ လိုအပ်လျှင်တိုင်ကြားချက်ကို အထက်အာဏာပိုင်ထံသို့ တင်ပြရမည်၊

(ဂ) တိုင်ကြားချက်အသီးသီးကို သက်ဆိုင်ရာ အာဏာပိုင်ကအခါအားလျော်စွာ သီးခြားဖော်ပြသည့် နည်းလမ်းအတိုင်း တင်သွင်းရမည်၊

(ဃ) ဝန်ကြီး သို့မဟုတ် ရဲချုပ်သည် ပုဒ်မခွဲ (ခ)အရဆောင်ရွက်ချက်ကို လိုအပ်သလိုပြင်ဆင်နိုင်သည်။

<ပြင်ဆင် 11.02.2024>

## အခန်း (၃)
## အုပ်ချုပ်မှုအာဏာ

☐ **၆။** ရဲချုပ်သည်-

(က) ဤဥပဒေကို လိုက်နာရသူတစ်ဦးအား အငြိမ်းစားယူစေနိုင်သည် သို့မဟုတ် နုတ်ထွက်စေနိုင်သည်၊

(ခ) ပြန်တမ်းဝင် ရဲအရာရှိတစ်ဦးမှတစ်ပါး ဤဥပဒေကိုလိုက်နာရသူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်နိုင်သည်၊ သို့မဟုတ် ပို၍နိမ့်သောရာထူးအဆင့်သို့ ဖြစ်စေ၊ ရဲအရာရှိမဟုတ်သူတစ်ဦးအား ရဲတပ် သားအဆင့်ထိသို့ဖြစ်စေ လျှော့ချနိုင်သည်။

<ပြင်ဆင် 11.02.2024>

☐ ၇။ တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့် အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ-

(က) ဤဥပဒေကို လိုက်နာရမည့်မိမိကွပ်ကဲရသူ ရဲတပ်သားတစ်ဦးအား ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ် နိုင်သည်၊ အငြိမ်းစားယူစေနိုင်သည်၊ သို့မဟုတ် နုတ်ထွက်စေနိုင်သည်၊

(ခ) ရဲအရာရှိနှင့်ရဲအရာခံမှတစ်ပါး ဤဥပဒေကိုလိုက်နာရမည့် မိမိကွပ်ကဲရသူတစ်ဦးအား ပို၍နိမ့်သော ရာထူးအဆင့်သို့ဖြစ်စေ၊ ရဲတပ်သားအဆင့်ထိသို့ဖြစ်စေ လျှော့ချနိုင်သည်။

<ပြင်ဆင် 11.02.2024>

☐ ၈။ ဤဥပဒေကို လိုက်နာရသူတစ်ဦးအား သတ်မှတ်ထားသည့်အာဏာပိုင်က သတ်မှတ်ထားသည့် နည်း လမ်းအရ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ အငြိမ်းစားယူခွင့် သို့မဟုတ် နုတ်ထွက်ခွင့်ပေးနိုင်သည်။

☐ ၉။ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊ နုတ်ထွက်ခွင့် ပေးခြင်းသို့မဟုတ် အငြိမ်းစားပေးခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ထိုသူ၏ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲတပ်ဖွဲ့ခွဲမှူးက အောက်ပါတို့ကိုဖော်ပြထား သောလက်မှတ်တစ်စောင်ကို ပေးအပ်ရမည်-

(က) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ရပ်စဲသောအခွင့်အာဏာ၊

(ခ) ရပ်စဲခြင်း၏ အကြောင်းရင်း၊

(ဂ) ရဲတပ်ဖွဲ့တွင် ထိုသူရဲတပ်ဖွဲ့ဝင်ဖြစ်ခဲ့သည့် အချိန်ကာလ။

<ပြင်ဆင် 11.02.2024>

## အခန်း (၄)
## ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း

☐ ၁၀။ (က) ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အဆင့်မြင့်သည့်ရဲအရာရှိ တစ်ဦးက ဖမ်းဆီးနိုင်သည်၊ အကျယ်ချုပ်သို့မဟုတ် အကျဉ်းချုပ်ဖြင့်ထားနိုင်သည်၊

(ခ) ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ၂၄ နာရီထက်ကျော်လွန်ပြီး ၇ ရက်အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်နှင့်ထားနိုင်ခွင့်ကို ရဲတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနခွဲမှူး သို့မဟုတ် ယင်းတာဝန်ထမ်းဆောင်နေသည့် ရဲမှူးအဆင့်ထက်မနိမ့်သော ရဲအရာရှိတို့က အမိန့်ပေးနိုင်သည်။

(ဂ) ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ၇ ရက်ထက်ကျော်လွန်ပြီး ၃၀ရက်အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်ဖြင့် ထားနိုင်ခွင့်ကို တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့် အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများက အမိန့်ပေးနိုင်သည်၊

(ဃ) ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ၃၀ ရက်ထက်ကျော်လွန်ပြီး ရက်ပေါင်း ၆၀အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်ဖြင့် ထားနိုင်ခွင့်ကို ရဲချုပ်ကအမိန့်ပေးနိုင်သည်၊

(င) ရဲတရားရုံးဖွဲ့စည်းပြီးပါကရဲတရားရုံး၏ဥက္ကဋ္ဌသည် ရဲတရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ် ချက်အတည်ပြုပြီးသည့်အချိန်ထိ တရားခံအားဆက်လက်ချုပ်ထားရန်အမိန့်ပေးနိုင်သည်၊

(စ) ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ဤဥပဒေပါပြစ်မှုမဟုတ်ဘဲ အခြားတည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် တရားရုံးက စစ်ဆေးနိုင်ရန်လွှဲပေးထားပြီး ယင်းအား အချုပ်ဖြင့်ထားပါက ဆက်လက်ချုပ်နှောင်ခွင့်ရမန်ကို တရားရုံးထံမှ ရယူရမည်။

<ပြင်ဆင် 11.02.2024>

## အခန်း (၅)
## ပြစ်မှုများ

☐ ၁၁။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ရန်သူ၏ရှေ့မှောက်တွင် မိမိ၏လက်နက်များ၊ ခဲယမ်းမီး ကျောက်များ သို့မဟုတ် ပစ္စည်းကိရိယာတန်ဆာပလာများကို ယုတ္တိတန်သောအကြောင်းမရှိဘဲ စွန့်ပစ် လျှင် သို့မဟုတ် သူရဲဘောနည်းခြင်းကို ပြသရာရောက်သည့် အမူအရာဖြင့်မသင့်မလျော်ပြုလျှင် ရဲတရား ရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ၃ နှစ်အထိ ထောင်ဒဏ်ထိုက်သင့်စေရမည်။

☐ ၁၂။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ရဲချုပ်ထံမှစာဖြင့်ရေးသား၍ အတိအလင်းလုပ်ခွင့်မရရှိဘဲ မိမိ၏ တာဝန်ဝတ္တရားများမှတစ်ပါး ကုမ္ပဏီ၊ ဖက်စပ် သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းတစ်ခုခုတွင်လစာ၊ နေ့တွက် သို့မဟုတ် အချိန်ပိုင်းလုပ်ခရရှိရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းပြုလုပ်လျှင် သို့မဟုတ် ထိုသို့ လုပ်ကိုင်ရန်အားထုတ်လျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ၆ လအထိ ထောင်ဒဏ် ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

☐ ၁၃။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) တစ်ဦးတစ်ယောက်သောသူက လုံခြုံရေးနှင့်ရပ်ရွာငြိမ်းအေးသာယာရေးကို ထိပါးသောပြုလုပ်မှု၊ အခြားသောသူအား နစ်နာအောင်ပြုလုပ်မှု သို့မဟုတ် ဥပဒေချိုးဖောက်မှုတစ်ခုခုကို ပြုလုပ်သဖြင့် နစ်နာ သူကတိုင်ကြားလာရာတွင် မိမိရာထူးတာဝန်အလျောက်အရေးယူဆောင်ရွက်ရမည်ကို မဆောင်ရွက်ဘဲ ပျက်ကွက်လျှင် သို့မဟုတ် လုံလောက်သော အကြောင်းမရှိဘဲအရေးယူဆောင်ရွက်ရာတွင် နှောင့်နှေးကြန့် ကြာလျှင်၊

(ခ) ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၊ ချုပ်ထားရန်ဥပဒေနှင့်အညီ အမိန့်ချမှတ်ခြင်းခံရသူ သို့မဟုတ် ဥပဒေအရ ဖမ်းဆီးရမည့်သူကို မဖမ်းဆီးဘဲတမင်ပျက်ကွက်လျှင်၊ ရှောင်တိမ်းနိုင်အောင်သတင်းပေးလျှင် သို့မဟုတ် တစ်နည်းနည်းဖြင့် အထောက်အကူပြုလျှင် သို့မဟုတ်

(ဂ) သက်သေများ မမှန်မကန်ထွက်ဆိုစေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ခြောက်လှန့်ခြင်း ပြုလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ၁နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြ ထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

☐ ၁၄။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) ခွင့်မဲ့ပျက်ကွက်လျှင်၊

(ခ) လုံလောက်သော အကြောင်းမရှိဘဲ မိမိအားပေးထားသောခွင့်ရက်ထက် ပို၍နေလျှင်၊

(ဂ) ခွင့်ဖြင့််နေစဉ် မိမိပါဝင်သည့်ရဲတပ်ဖွဲ့ သို့မဟုတ် ဌာနတစ်ခုခုသို့ပြန်လည်လာရောက် သတင်းပို့ရန် အမိန့်ပေးထားကြောင်းကို ဆိုင်ရာအာဏာပိုင်ထံမှ အကြောင်းကြားချက်ရရှိပါလျက် လုံလောက်သော အကြောင်းပြချက်မရှိဘဲဖြစ်စေ၊ ကြန့်ကြာမှုမရှိဘဲဖြစ်စေ ပြန်လာရန်ပျက်ကွက်လျှင်၊

(ဃ) စစ်ရေးပြရာနေရာသို့သော်လည်းကောင်း၊ လေ့ကျင့်ခန်းအတွက်ဖြစ်စေ၊ တာဝန်ဝတ္တရားအတွက် ဖြစ်စေ ချိန်းဆိုထားသောနေရာသို့ သော်လည်းကောင်းလုံလောက်သော အကြောင်းမရှိဘဲ ချိန်းဆိုထား သောအချိန်တွင် လာရောက်ရန်ပျက်ကွက်လျှင်၊

(င) မည်သည့်ကျောင်း သို့မဟုတ် သင်ကြားရာနေရာသို့မဆိုတက်ရောက်ရန် နည်းလမ်းတကျ အမိန့်ပေး ထားသောအခါ မိမိအထက်အရာရှိထံမှ ခွင့်မရရှိဘဲ သော်လည်းကောင်း၊ လုံလောက်သောအကြောင်းမရှိ ဘဲသော်လည်းကောင်း မတက်ရောက်ဘဲနေလျှင်၊

(စ) ရဲပြေးမှုကျူးလွန်လျှင် သို့မဟုတ် ရဲပြေးမှုကျူးလွန်ရန် အားထုတ်လျှင်၊

(ဆ) ရဲပြေးတစ်ဦးဖြစ်ကြောင်းသိလျက် လက်သင့်ခံလျှင်၊

(ဇ) မိမိပါဝင်သောရဲတပ်ဖွဲ့မှ ထွက်ခွင့်ကို နည်းလမ်းတကျရေးဦးစွာ မရယူခဲ့ဘဲ ရဲတပ်ဖွဲ့တစ်ခုခုတွင် ရဲတပ်ဖွဲ့ဝင်အဖြစ်စာရင်းသွင်းလျှင်၊

(ဈ) တစ်ဦး တစ်ယောက်သောသူကို ရဲပြေးဖြစ်ကြောင်းသိလျက်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက် ဖြစ်စေ ရဲတပ်ဖွဲ့ဝင်အဖြစ်စာရင်းသွင်းရန် ဆောင်ရွက်ပေးလျှင် သို့မဟုတ် ဆောင်ရွက်ပေးရန်အားထုတ် လျှင် သို့မဟုတ်၊

(ည) ရဲတပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းရန် ရဲတပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းရေးရဲအရာရှိ၏ မျက်မှောက်သို့ ရောက်ရှိသည့်အခါ ရဲတပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းရန် သတ်မှတ်ထားသည့်ပုံစံတွင် ဖော်ပြထားသော မေးခွန်းတစ်ခုခုကို မိမိအား ထိုရဲအရာရှိက မေးမြန်းရာတွင် မဟုတ်မမှန်သည့်အဖြေတစ်ရပ်ရပ်ကို ရဲတပ် ဖွဲ့ဝင်အဖြစ် စာရင်းသွင်းသည့်အချိန်တွင် တမင်ပေးခဲ့လျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသောပြစ်မှုဖြစ်ပါက ၁ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြ ထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ အခြားပုဒ်မခွဲပါပြစ်မှုဖြစ်ပါက ၆ လအထိထောင်ဒဏ်ဖြစ်စေ၊ ဤ ဥပဒေတွင်ဖော်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

<ပြင်ဆင် 11.02.2024>

☐ **၁၅။** ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည်-

(က) အထက်အရာရှိတစ်ဦးအား အထက်အရာရှိတစ်ဦးဖြစ်ကြောင်း သိလျက်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ ထိုအထက်အရာရှိကို ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ လက် ရောက်မှုကို ကျူးလွန်လျှင် သို့မဟုတ် ခြိမ်းခြောက်သောစကား ပြောဆိုလျှင် ရဲတရားရုံးကပြစ်မှုထင်ရှား စီရင်သောအခါ ထိုအထက်အရာရှိ တာဝန်ဝတ္တရား ထမ်းဆောင်နေသည့်အချိန်တွင် ကျူးလွန်ပါက ၃ နှစ် အထိထောင်ဒဏ်ဖြစ်စေ၊ ထိုအထက်အရာရှိ တာဝန်ဝတ္တရားထမ်းဆောင်နေသည့် အချိန်မဟုတ်သည့် အခြားအချိန်တွင် ကျူးလွန်ပါက ၁နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့် လျော့ သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်၊

(ခ) မည်သည့်အချိန်တွင်မဆို အထက်အရာရှိအား စည်းကမ်းဖောက်ဖျက်သော စကားပြောဆိုလျှင် ရဲတရားရုံး ကပြစ်မှု ထင်ရှားစီရင်သောအခါ ၆ လအထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့်လျော့ သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

<ပြင်ဆင် 11.02.2024>

☐ **၁၆။** ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) မိမိအထက်အရာရှိကပေးသည့် ဥပဒေနှင့်ညီသော အမိန့်တစ်ခုခုကိုဖီဆန်လျှင်၊

(ခ) စာဖြင့်ထုတ်ပြန်ထားသည့် ယေဘုယျအမိန့်၊ ဒေသန္တရအမိန့် သို့မဟုတ် အခြားအမိန့်တစ်ခုခုကို နာခံ ရန်ပျက်ကွက်လျှင် သို့မဟုတ်၊

(ဂ) မိမိအား ဖမ်းဆီးရန်သော်လည်းကောင်း၊ စောင့်ထိန်းရန်သော်လည်းကောင်း တာဝန်ဝတ္တရားရှိသော အစောင့်အကြပ်တစ်ဦးအား ခုခံလျှင် သို့မဟုတ် ဟန့်တားလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သော အခါ ၁ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက် သင့်စေရမည်။

☐ **၁၇။** ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည်-

(က) ဥပဒေအရ ဖမ်းဆီးခွင့်မရှိသောသူအား အကြောင်းမဲ့ ဖမ်းဆီးထားလျှင်၊ ချုပ်နှောင်ထားလျှင် သို့မ ဟုတ် ထိုသူ၏ အမှုကိုစုံစမ်းစစ်ဆေးရန်အတွက် ဆိုင်ရာအာဏာပိုင်ထံ တင်ပြရန်ပျက်ကွက်လျှင်၊

(ခ) အကျဉ်းထောင် သို့မဟုတ် အချုပ်ခန်းအတွင်းသို့ သွင်းခြင်း၊ ယူဆောင်ခြင်းမပြုလုပ်ရန် တားမြစ် ထားသောပစ္စည်းများအား သွင်းခြင်း၊ ယူဆောင်ခြင်းပြုလျှင်၊ ထိုသို့ပြုလုပ်သည်ကိုခွင့်ပြုလျှင် သို့မဟုတ် မိမိ၏ ပေါ့လျော့မှုကြောင့် ထိုသို့သောပြုလုပ်မှုများဖြစ်စေခဲ့လျှင်၊

(ဂ) အကျဉ်းသား၊ အချုပ်သားတစ်ဦးက အခြားသူတစ်ဦးအား ရိုက်ပုတ်ရန်သို့မဟုတ် အခြားနည်းအား ဖြင့် ညှဉ်းပန်းနှိပ်စက်ရန်ခိုင်းစေလျှင်၊ ခွင့်ပြုလျှင်၊ ထိုသို့ပြုလုပ်နေသည်ကိုသိလျက် ဟန့်တားရန် သို့မ ဟုတ် အရေးယူရန် ပျက်ကွက်လျှင်၊

(ဃ) အဆင့်အားဖြင့် သော်လည်းကောင်း၊ ရာထူးအားဖြင့်သော်လည်းကောင်း မိမိ၏လက်အောက်ခံဖြစ် သော ဤဥပဒေကို လိုက်နာရသူတစ်ဦးအား ရိုက်ပုတ်လျှင် သို့မဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက် လျှင်၊

(င) မိမိအား စောင့်ထိန်းရန် လွှဲအပ်ထားသော သို့မဟုတ် မိမိစောင့်ထိန်းရန်တာဝန်သော်လည်းကောင်း၊ စောင့်ကြပ်ရန်တာဝန်သော်လည်းကောင်း ရှိသောသူတစ်ဦးအားတမင်ဖြစ်စေ၊ ယုတ္တိတန်သောအကြောင်း မရှိဘဲဖြစ်စေလွတ်ပြေး

စေလျှင်၊

(စ) မိမိအား ဥပဒေအရ ချုပ်ထားရာမှထွက်ပြေးလျှင် သို့မဟုတ် ထွက်ပြေးရန်အားထုတ်လျှင်၊

(ဆ) အကျဉ်းသား၊ အချုပ်သား သို့မဟုတ် ဖမ်းဆီးထားသူ တစ်ဦးအားရိုက်ပုတ်လျှင် သို့မဟုတ် အခြား နည်းဖြင့်ညှဉ်းပန်းနှိပ်စက်လျှင် သို့မဟုတ်

(ဇ) သူတစ်ဦးတစ်ယောက်ထံမှ အဂတိလိုက်စားသောနည်းဖြင့် ငွေကြေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ တောင်းယူလျှင် သို့မဟုတ် လက်သင့်ခံလျှင် ရဲတရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

**၁၈။** ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင်သော သို့မဟုတ် ဤဥပဒေကို လိုက်နာရသူတစ်ဦးပိုင်သော ပစ္စည်းတစ်ခုခုကို ခိုးယူလျှင်၊

(ခ) ပုဒ်မခွဲ (က) ပါပစ္စည်းတစ်ခုခုကိုမရိုးမဖြောင့်သော သဘောဖြင့်အလွဲသုံးစားပြုလျှင် သို့မဟုတ် မိမိ၏ ပစ္စည်းအဖြစ်သို့ ပြောင်းလဲခြင်းပြုလျှင်၊

(ဂ) ပုဒ်မခွဲ (က)ပါ ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်လျှင်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရဖြစ်သော ပြစ်မှုများအနက် ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသော ပစ္စည်းတစ်ခုခုကို ထိုပြစ်မှုကျူးလွန်ကြောင်း သိလျက်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် လက်ခံလျှင် သို့မဟုတ် ဆက်လက်ထားရှိလျှင်၊

(င) ပုဒ်မခွဲ(က)ပါ ပစ္စည်းတစ်ခုခုကို တမင်ဖျက်ဆီးလျှင်၊ ပျက်စီးစေလျှင် သို့မဟုတ်ပေါ့လျော့မှုကြောင့် ပျောက်ဆုံးစေလျှင်၊

(စ) တရားရုံးတစ်ရုံးရုံးက စီရင်ချက်ချမှတ်ပြီးဖြစ်စေ၊ မချမှတ်မီဖြစ်စေ မည်သည့်အချိန်အခါ၌ မဆို အမှု နှင့် သက်ဆိုင်၍ သိမ်းဆည်းထားသော သက်သေခံပစ္စည်းတစ်ခုခုကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲ သုံးစားပြုလျှင်၊ ဖျောက်ဖျက်ပစ်လျှင်၊ ဖျက်ဆီးလျှင်၊ ပျက်စီးစေလျှင် သို့မဟုတ် ပေါ့လျော့မှုကြောင့် ပျောက်ဆုံးစေလျှင်သို့မဟုတ်၊

(ဆ) လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူအား မတရားရယူစေရန် အကြံဖြင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံဖြင့်ဖြစ်စေ အခြားမည်သည့်အရာကိုမဆို ပြုလျှင် ရဲတရား ရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ၃ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

<ပြင်ဆင် 13.09.1995, 11.02.2024>

**၁၉။** ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည်-

(က) စွပ်စွဲချက်တစ်ခုကို မဟုတ်မမှန်ကြောင်းသိလျက်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်ဖြစ်စေ ဤဥပဒေကို လိုက်နာရသူတစ်ဦးအား ထိုသို့ မဟုတ်မမှန်စွပ်စွဲလျှင်၊ ထွက်ဆိုချက်တစ်ရပ်ရပ်ပြုလျှင် သို့မဟုတ် အရေးပါသော အကြောင်းခြင်းရာများကို တမင်ဖုံးကွယ်ထားလျှင်၊

(ခ) မိမိပြုလုပ်ထားသော သို့မဟုတ် မိမိလက်မှတ်ရေးထိုးထားသော အစီရင်ခံစာ၊ ပြန်တမ်း၊ စာရင်း၊ သက်သေခံလက်မှတ်၊ စာအုပ်သို့မဟုတ် အခြားစာတမ်းအမှတ်အသားတွင်ဖြစ်စေ၊ တိကျမှန်ကန်ခြင်းကို စိစစ်ရန်မိမိ၌ တာဝန်ဝတ္တရားရှိသည့် ၎င်းတို့တွင် ပါရှိသောအကြောင်းအရာများတွင်ဖြစ်စေ မဟုတ်မမှန် သောသို့မဟုတ် လိမ်လည်လှည့်ဖြားသော ထွက်ဆိုချက်တစ်ခုခုကိုသိလျက် ဖော်ပြလျှင်သို့မဟုတ် ထို ထွက်ဆိုချက်တစ်ခုခုကိုပြုရာ၌ ပါဝင်လျှင်၊

(ဂ) ပြုလုပ်ရန်သော်လည်းကောင်း၊ ပေးပို့ရန်သော်လည်းကောင်း မိမိ၌တာဝန်ဝတ္တရားရှိသော အစီရင်ခံ စာသို့မဟုတ် ပြန်တမ်းတစ်ခုခုကိုပြုလုပ်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ ငြင်းပယ်လျှင် သို့မဟုတ် ပြစ်ဒဏ်ခံ ထိုက်သောပေါ့လျော့မှုဖြင့် ပျက်ကွက်လျှင် သို့မဟုတ်၊

(ဃ) မှုခင်းတစ်ခုခု၏ အရည်အသွေးပြောင်းလဲသွားစေရန်အတွက် ရေးသားထားသော သက်သေထွက် ဆိုချက်များတွင် သော်လည်းကောင်း၊ မှုခင်းကိစ္စရေးသားဆောင်ရွက်ခြင်းတစ်ခုခုတွင် သော်လည်း ကောင်း အရေးပါသော အချက်အလက်များ ပြင်ဆင်ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ထပ်မံထည့်သွင်း ခြင်း သို့မဟုတ် ချန်လှပ်ခြင်းပြုလျှင် ရဲ တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ပုဒ်မခွဲ (ဃ)ပါ ပြစ်မှု ဖြစ်ပါက ၁နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အခြားပုဒ်မခွဲပါ ပြစ်မှုဖြစ်ပါက ၆လအထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

☐ **၂၀။** ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည်-

(က) ရဲတရားရုံးသို့ဖြစ်စေ၊ တရားရုံးသို့ဖြစ်စေ သက်သေတစ်ဦးအဖြစ် တက်ရောက်ရန် ဆင့်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ နည်းလမ်းတကျ ချအပ်ခြင်းခံရလျှင် တမင်သော်လည်းကောင်း၊ ယုတ္တိ တန်သောအကြောင်းမရှိဘဲ သော်လည်းကောင်း တက်ရောက်ရန်ပျက်ကွက်လျှင် သို့မဟုတ်၊

(ခ) ခြိမ်းခြောက်သော သို့မဟုတ် မထီမဲ့မြင်ပြုသောစကားကို အသုံးပြုခြင်းအားဖြင့်သော်လည်းကောင်း၊ ရဲတရားရုံးတစ်ရုံးသို့မဟုတ် တရားရုံး၏ မှုခင်းကိစ္စများတွင် ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းတစ်ခုခုကို ဖြစ်စေခြင်းအားဖြင့်သော်လည်းကောင်း ထိုရဲတရားရုံး သို့မဟုတ် တရားရုံးကို မထီလေးစားပြုလျှင် ရဲတရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့်လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

<ပြင်ဆင် 11.02.2024>

☐ **၂၁။** ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်-

(က) သေရည်သေရက်ကို သောက်စားခြင်းကြောင့် မိမိထမ်းဆောင်လျက်ရှိသည့် တာဝန်ကိုမထမ်းဆောင်နိုင်လောက်အောင် မူးယစ်နေလျှင် ရဲအရာရှိဖြစ်ပါက ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်း ပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ၊ ရဲအရာခံ၊ အကြပ်နှင့် ရဲတပ်သားဖြစ်ပါက ၆ လ အထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

(ခ) မည်သည့်အချိန်တွင်မဆို သေရည်သေရက်ကို သောက်စားခြင်းကြောင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်လောက်အောင်ပြုမူသည်အထိ မူးယစ်နေလျှင် ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်းပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

**ရှင်းလင်းချက်။** သေရည်သေရက် ဆိုသည်မှာ အရက်၊ ဗျစ်ရည်၊ ကစော်ရည်၊ ထန်းရည်၊ ဓနိရည်၊ ခေါင်ရည် စသည့် မူးယစ်စေနိုင်သော အရည်များကို ဆိုသည်။

<ပြင်ဆင် 13.09.1995, 11.02.2024>

☐ **၂၂။** ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ဤဥပဒေတွင်သီးခြားဖော်ပြမထားသော်လည်း စနစ်တကျရှိ ခြင်းနှင့် ရဲစည်းကမ်းကိုထိခိုက်သောပြုလုပ်မှုကိုပြုလျှင် သို့မဟုတ် စနစ်တကျရှိခြင်းနှင့် ရဲစည်းကမ်းကို ထိခိုက်အောင်ပျက်ကွက်လျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ၁နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့်လျှော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

☐ **၂၃။** ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည် ပုဒ်မ ၁၁ မှပုဒ်မ ၂၂ အထိထိုပုဒ်မနှစ်ခုလုံး အပါအဝင် ဖြစ်သော ပုဒ်မများတွင် ဖော်ပြထားသောပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းကိုရှေးရှုသော ပြုလုပ်မှုတစ်ခုခုကိုပြုလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ထိုပြစ်မှုအတွက်သတ်မှတ်သည့် အများဆုံး ထောင်ဒဏ်ကာလ၏ ထက်ဝက် အထိထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျှော့သော ပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရ မည်။

☐ ၂၄။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ပုဒ်မ ၁၁မှ ပုဒ်မ ၂၂အထိထိုပုဒ်မနှစ်ခုလုံးအပါအဝင်ဖြစ်သော ပုဒ်မများတွင် ဖော်ပြထားသောပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင်ရဲတ ရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ထိုသို့ အားပေးကူညီခြင်းကြောင့် ပြစ်မှုအထမြောက်ခဲ့ပါက ထိုအားပေးကူညီမှုအတွက် ဤဥပဒေက အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျူးလွန်ခဲ့သော မူရင်း ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ထိုက်သင့်စေရမည်။

☐ ၂၅။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ပုဒ်မ ၁၁မှပုဒ်မ ၂၂ အထိထိုပုဒ်မ နှစ်ခုလုံးအပါအဝင်ဖြစ် သော ပုဒ်မများတွင် ဖော်ပြထားသောပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားပေးကူညီလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ ထိုသို့ အားပေးကူညီခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းအထမမြောက်ခဲ့ပါက ထိုအားပေးကူညီမှုအတွက် ဤဥပဒေကပြစ်ဒဏ် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်အများဆုံး ထောင်ဒဏ်၏ ထက်ဝက်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖော်ပြ ထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

☐ ၂၆။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် မည်သည့်နေရာတွင်မဆို ဤဥပဒေပါပြစ်မှုများမှအပ အခြား တည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် တရားရုံးက စစ်ဆေးစီရင်နိုင်ရန်လွှဲပြောင်း ပေးရမည်။
<ပြင်ဆင် 11.02.2024>

## အခန်း (၆)
## အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း

☐ ၂၇။ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာတွင် ရဲတရားရုံးဖြင့် ဖွဲ့စည်းစစ်ဆေးရလောက်အောင်လည်း ကြီးလေးသည့်ပြစ်မှု မဟုတ်သည့် အပြင်အမှုပလပ်လောက်အောင်လည်း သေးဖွဲသည့်ပြစ်မှုမျိုး မဟုတ်မှ သာလျှင် အကျဉ်းနည်းဖြင့် စစ်ဆေးရမည်။

☐ ၂၈။ (က) ရဲချုပ်သည် ဤဥပဒေပါပြစ်မှုတစ်ခုခုကိုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ဒုတိယရဲမှူးကြီး အဆင့်အောက်နိမ့်သော ရဲအရာရှိတစ်ဦးအား သတ်မှတ်ထားသော နည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အောက်ပါပြစ်ဒဏ် တစ်ခုခုကို ချမှတ်နိုင်သည်-

(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၂) ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း၊

(၃) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(၄) ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊

(၅) လစာမှပေးလျော်စေခြင်း။

(ခ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲအုပ် သို့မဟုတ် ဒုတိယရဲအုပ်တစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်-

(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၂) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(၃) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(၄) ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊

(၅) လစာမှပေးလျော်စေခြင်း။

(ဂ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲ

အရာခံ၊ အကြပ်၊ ရဲတပ်သားတစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့်စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်-

(၁) ရဲအချုပ်တွင် သုံးလထိ ထောင်ဒဏ်၊

(၂) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊

(၃) ရာထူးမှရပ်စဲခြင်း၊

(၄) ရဲအရာခံနှင့် အကြပ်များအတွက်ဖြစ်ပါက ရာထူးအဆင့်လျှော့ချခြင်း၊

(၅) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၆) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(၇) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊

(၈) ရဲအရာခံနှင့် အကြပ်ဖြစ်ပါက ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊

(၉) လစာမှပေးလျော်စေခြင်း။

<ပြင်ဆင် 30.12.1997, 11.02.2024>

☐ **၂၈-က။** ရဲချုပ် သို့မဟုတ် ရဲချုပ်က တာဝန်ပေးအပ်သည့် ရဲမှူးချုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိသည် တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။

<ပြင်ဆင် 11.02.2024>

☐ **၂၉။** (က) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့် အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများက အကျဉ်းနည်းဖြင့်စစ်ဆေးထားသည့်အမှုတွဲအားရဲချုပ်ကဖြစ်စေ၊ ရဲချုပ်က ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသော ရဲချုပ်ရုံးရှိ ရဲမှူးချုပ်အဆင့်ထက် မနိမ့်သည့်ရဲအရာရှိကဖြစ်စေ ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။ ထိုသို့ ရေးထိုးစဉ် ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို ပို၍လျော့နည်းသည့်အတိုင်း အတာသို့ပြင်ဆင်ပြောင်းလဲနိုင်သည်။ ထို့ပြင်ဥပဒေနှင့် မညီသည့်အကြောင်း အချက်များတွေ့ရှိလျှင်ဖြစ်စေ၊ တရားမမျှတသည့် အကြောင်းအချက်များတွေ့ရှိလျှင်ဖြစ်စေ မှုခင်းကိစ္စ ဆောင်ရွက်ချက်များကို ပယ်ဖျက်နိုင်သည် သို့မဟုတ် မိမိသင့်လျော်မည်ထင်သည့်အမိန့်ကို ချမှတ်နိုင် သည်၊

(ခ) ရဲချုပ်က အကျဉ်းနည်းဖြင့် စစ်ဆေးထားသည့်အမှုတွဲအား ဝန်ကြီးက ထပ်ဆင့်လက်မှတ်ရေးထိုးရ မည်။ ထိုသို့ ရေးထိုးစဉ်ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို ပို၍လျော့နည်းသည့် အတိုင်းအတာသို့ ပြင်ဆင်ပြောင်းလဲနိုင်သည်။ ထို့ပြင် ဥပဒေနှင့်မညီသည့်အကြောင်းအချက်များ တွေ့ရှိလျှင်ဖြစ်စေ၊ တရား မမျှတသည့် အကြောင်းအချက်များ တွေ့ရှိလျှင်ဖြစ်စေ မှုခင်းကိစ္စဆောင်ရွက်ချက်များကို ပယ်ဖျက်နိုင် သည် သို့မဟုတ် မိမိသင့်လျော်မည်ထင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

<ပြင်ဆင် 30.12.1997, 11.02.2024>

## အခန်း (၇)
## ရဲတရားရုံး

☐ **၃၀။** ရဲချုပ်သည် ရဲတရားရုံးကိုဖွဲ့စည်းနိုင်သည်။

☐ **၃၁။** ရဲတရားရုံးတွင် ပြန်တမ်းဝင်ရဲအရာရှိသုံးဦးပါဝင်ရမည်။ ထိုရဲအရာရှိများအနက် အနည်းဆုံးတစ်ဦး သည် ရဲမှူးအဆင့်ထက် မနိမ့်သူဖြစ်ရမည်။ ရဲအရာရှိ၏အမှုကို စစ်ဆေးရသည့်အခါအဖွဲ့ဝင်အားလုံးသည် စစ်ဆေးခံရသည့်ရဲအရာရှိထက် အဆင့်မနိမ့်သူဖြစ်ရမည်။

<ပြင်ဆင် 30.12.1997, 11.02.2024>

၃၂။ (က) စစ်ဆေးစီရင်ခြင်း စတင်ပြီးသည့်နောက်ရဲတရားရုံးတွင် ပါဝင်သည့်အဖွဲ့ဝင်ဦးရေသည် တရား ဝင်ဦးရေအောက် လျော့သွားလျှင် ထိုရဲတရားရုံးကို ဖျက်သိမ်းရမည်၊

(ခ) ဆုံးဖြတ်ချက်မချမှတ်မီ တရားခံ ဖျားနာသောကြောင့် ဆက်လက်စစ်ဆေးစီရင်ရန် မဖြစ်နိုင်လျှင် ရဲတရားရုံးကို ဖျက်သိမ်းရမည်၊

(ဂ) ရဲချုပ်သည် လတ်တလောလိုအပ်ခြင်းများ သို့မဟုတ် ရဲစည်းကမ်းများအရ လိုအပ်ခြင်းများကြောင့် ရဲတရားရုံး ဆက်လက်ရုံးထိုင်ရန်မဖြစ်နိုင် သို့မဟုတ် မသင့်မလျော်ဟု ထင်မြင်ယူဆလျှင် အဆိုပါရဲတရား ရုံးကို ဖျက်သိမ်း နိုင်သည်၊

(ဃ) ဤပုဒ်မအရ ရဲတရားရုံးကို ဖျက်သိမ်းသည့်အခါ တရားခံကိုထပ်မံစစ်ဆေးစီရင်နိုင်သည်။

၃၃။ ရဲတရားရုံးသည် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုတစ်ခုခုအတွက် ဤဥပဒေကို လိုက်နာရသူတစ်ဦးအား စစ်ဆေးစီရင်ရန်နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါပြစ်ဒဏ်တစ်ခုခုကိုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ချမှတ်ရန်အာဏာရှိရမည်-

(က) ဤဥပဒေအရ ချမှတ်နိုင်သည့် ထောင်ဒဏ်၊

(ခ) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊

(ဂ) ရာထူးမှရပ်စဲခြင်း၊

(ဃ) ရာထူးအဆင့်လျှော့ချခြင်း၊

(င) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(စ) အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်လျှော့ချခြင်း၊

(ဆ) ငွေဒဏ်။

<ပြင်ဆင် 11.02.2024>

၃၄။ ရဲတရားရုံးသည်-

(က) ပုဒ်မ ၃၃ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ပြစ်ဒဏ်ချမှတ်ပါက ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်ကိုလည်း ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၃ ပုဒ်မခွဲ (က) နှင့် (ခ) တွင် ဖော်ပြထားသော ပြစ်ဒဏ်တစ်ခုခုချမှတ်ပါက ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) နှင့် (စ) ပါ ပြစ်ဒဏ်တစ်ခုခုနှင့် ပူးတွဲမချမှတ်ရ။

(ဂ) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော ပြစ်ဒဏ်ကို ပုဒ်မခွဲ(ဃ)၊ (င) နှင့် (စ) ပါ ပြစ်ဒဏ်တစ်ခုခုနှင့်ပူးတွဲ မ ချမှတ်ရ။

(ဃ) ရဲတပ်သားအဆင့်ရှိသူအား ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဃ) ပါ ပြစ်ဒဏ်မချမှတ်ရ။

<ပြင်ဆင် 11.02.2024>

## အခန်း (၈)
## ပြစ်ဒဏ်ချမှတ်ချက်များကို ဆောင်ရွက်ခြင်း

၃၅။ ဤဥပဒေကို လိုက်နာရသူတစ်ဦးအား ရဲတရားရုံးကထောင်ဒဏ်ချမှတ်သောအခါထိုပြစ်ဒဏ်ချမှတ် ချက်ကို ပြင်ဆင်သည်ဖြစ်စေ၊ မပြင်ဆင်သည်ဖြစ်စေ ထိုထောင်ဒဏ်သည် ရဲတရားရုံးဥက္ကဋ္ဌက မူရင်းအမှု တွဲတွင်လက်မှတ်ရေးထိုးသည့် နေ့ရက်မှဖြစ်စေ၊ ဥက္ကဋ္ဌက ပြစ်ဒဏ်စတင်ကျခံရမည့်ရက်ကို သီးခြား သတ်မှတ်ဖော်ပြထားပါက ထိုရက်မှဖြစ်စေ စတင်သည်ဟုမှတ်ယူရမည်။

၃၆။ ဤဥပဒေအရ ထောင်ဒဏ်ချမှတ်သည့်အခါ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ ရဲတပ်ဖွဲ့ခွဲမှူးသို့မဟုတ် ရဲတပ်ဖွဲ့မှူးက ထိုသူကို ချုပ်ထားရမည်ဖြစ်သော အကျဉ်းထောင်အုပ်ချုပ်သည့်အရာရှိထံ သတ်မှတ်ထား သည့်ပုံစံအတိုင်း ဝရမ်းတစ်စောင် ပေးပို့ရမည့်အပြင် ထိုသူကို ဝရမ်းနှင့်အတူတကွ အကျဉ်းထောင်သို့ ပို့ရမည်။

<ပြင်ဆင် 11.02.2024>

၃၇။ တစ်ဦးတစ်ယောက်သောသူအား အကျဉ်းထောင်တွင်ကျခံစေသည့် ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ဝရမ်းကိုဖြစ်စေပယ်ဖျက်သည့် သို့မဟုတ် ပြောင်းလဲသည့်အမိန့်ကို ဤဥပဒေအရ နည်းလမ်းတကျ ထုတ်သည့်အခါ ထို အမိန့်ထုတ်သည့်အရာရှိကသော်လည်းကောင်း၊ ထိုအရာရှိ၏ ဦးစီး အရာရှိက သော်လည်းကောင်းထုတ်သည့်အမိန့်နှင့် အညီ ဝရမ်းတစ်စောင်ကိုထိုသူအား ချုပ်ထားသည့် အကျဉ်းထောင်အုပ်ချုပ်သောအရာရှိထံ ပို့ရမည်။

၃၈။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးအား ရဲတရားရုံးကဖြစ်စေ၊ တရားရုံးကဖြစ်စေ ပြစ်မှု တစ်ခုအတွက် တရားသေ လွှတ်လိုက်သည့်အခါ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ပြီးသည့်အခါ သို့မဟုတ် ပုဒ်မ ၂၈ အရအရေးယူပြီးသည့်အခါ ထိုသူ ကို ထိုပြစ်မှုအတွက်ရဲတရားရုံးဖြင့် ထပ်မံ၍စစ်ဆေးစီရင်ခြင်း သို့မဟုတ် အဆိုပါပုဒ်မများအရ ထပ်မံအရေးယူခြင်းမပြုရ။
<ပြင်ဆင် 11.02.2024>

## အခန်း (၉)
## ရဲတရားရုံးများလိုက်နာရမည့်ကျင့်ထုံး

၃၉။ ရဲတရားရုံးတွင် ပါဝင်သည့်အဖွဲ့ဝင်များအနက် ဝါအရင့်ဆုံးအဖွဲ့ဝင်သည် ထိုရဲတရားရုံး၏ ဥက္ကဋ္ဌဖြစ် ရမည်။

၄၀။ (က) ရဲတရားရုံးဖြင့် စစ်ဆေးစီရင်သည့်အခါတိုင်း ရဲတရားရုံးရုံးထိုင်လျှင်ထိုင်ချင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရဲ အရာရှိနှင့် အဖွဲ့ဝင်များ၏အမည်များကို တရားခံအား ဖတ်ပြရမည်။ ထိုသို့ဖတ်ပြပြီး သောအခါ ထိုရဲတရားရုံးတွင် ပါဝင် ရုံးထိုင်နေသော ရဲအရာရှိတစ်ဦးဦး၏စစ်ဆေးစီရင်ခြင်းကို ကန့်ကွက် လိုမလို တရားခံအားမေးမြန်းရမည်၊

(ခ) အဖွဲ့ဝင်ရဲအရာရှိတစ်ဦးဦးအား တရားခံက ကန့်ကွက်လျှင်တရားခံ၏ကန့်ကွက်ချက်နှင့် ကန့်ကွက် ခံရ သောရဲ အရာရှိ၏ ချေပချက်တို့ကိုကြားနာ၍ ရေးမှတ်ရမည်။ ထို့ပြင်ကန့်ကွက်ခံရသောရဲအရာရှိ၏မျက် ကွယ် တွင်ကျန်ရှိနေ သောအဖွဲ့ဝင်ရဲအရာရှိများက ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ဆုံးဖြတ်ရမည်၊

(ဂ) ကန့်ကွက်ခံရသော အဖွဲ့ဝင်ရဲအရာရှိမှအပ ကျန်အဖွဲ့ဝင်ရဲအရာရှိနှစ်ဦးကသဘောတူလျှင်ကန့်ကွက် ချက်ကို လက်ခံ ရမည်။ ထိုအခါ ကန့်ကွက်ခံရသော အဖွဲ့ဝင်သည်နုတ်ထွက်ရမည်။ ထို့နောက်တရားခံ၏ ကန့်ကွက်နိုင်သည့် အခွင့် အရေးကို မထိခိုက်စေဘဲလစ်လပ်သည့် နေရာတွင်အခြားရဲအရာရှိတစ်ဦးအား သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အဖွဲ့ဝင်အဖြစ် ခန့်အပ်ရမည်၊

(ဃ) ကန့်ကွက်ခြင်း မပြုလုပ်သည့်အခါတွင်ဖြစ်စေ၊ ကန့်ကွက်ခြင်းပြုလုပ်ပြီး ကန့်ကွက်ခြင်းကိုပယ် လိုက်သည့်အခါ တွင်ဖြစ်စေ ကန့်ကွက်ချက်ကို လက်ခံသဖြင့် နုတ်ထွက်သွားသော ရဲအရာရှိတစ်ဦး၏နေရာ တွင်အခြားရဲအရာရှိတစ် ဦးဦးကို ခန့်အပ်ပြီးထိုရဲအရာရှိအား ကန့်ကွက်ခြင်းမပြုလုပ်သည့်အခါ သို့မဟုတ် ပြုလုပ်သည့်ကန့်ကွက်ချက်ကို လက်မခံသည့်အခါတွင်ဖြစ်စေ ရဲတရားရုံးသည် စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။
<ပြင်ဆင် 11.02.2024>

၄၁။ (က) ရဲတရားရုံးသည် အဖွဲ့ဝင်များအားကန့်ကွက်ခြင်း ရှိကထိုကန့်ကွက်ခြင်းကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပြီးသည့် အပြင် ဆက်လက်စစ်ဆေးရန် သင့်လျော်သည်ဟုယူဆပါက ရဲတရားရုံး၏ အဖွဲ့ဝင် အသီးသီးသည် စစ်ဆေးစီရင်ခြင်းကို မစမီ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေပြုရမည်၊

(ခ) ရဲတရားရုံးတွင် သက်သေခံသူအသီးသီးအား သတ်မှတ်ထားသည့်အတိုင်း ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ် စေ နည်းလမ်းတကျပြုစေပြီးမှ စစ်မေးရမည်၊

(ဂ) သက်သေသည် အသက် ၁၂ နှစ်အောက်ကလေးဖြစ်သည့်အပြင် အမှန်ထွက်ဆိုရမည့် တာဝန် ဝတ္တရား ကို နားလည် စေကာမူ ကျမ်းသစ္စာ၏သဘောကို လည်းကောင်း၊ ကတိသစ္စာ ၏သဘော ကို လည်းကောင်း နားမလည်ဟု ရဲ တရားရုံးက ထင်မြင်ယူဆသောအခါ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင် ရွက်ခြင်းမပြုရ။

၄၂။ ရဲတရားရုံးသည်ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်ရာတွင်လည်းကောင်း၊ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရာတွင် လည်းကောင်းအနည်းဆုံး အဖွဲ့ဝင် ၂ ဦး၏သဘောတူညီချက်ဖြင့်သာ ချမှတ်ရမည်။

☐ ၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ သက်သေခံဥပဒေသည် ရဲတရားရုံးတွင်စစ်ဆေးစီ ရင်သည့် မှုခင်းကိစ္စအားလုံးနှင့် သက်ဆိုင်စေရမည်။

☐ ၄၄။ ပြစ်မှုတစ်ခုဖြင့် စွဲဆိုခြင်းခံရသူသည်တစ်ဦးတည်း စွဲဆိုခြင်းခံရသည်ဖြစ်စေ၊ အခြားသူတစ်ဦးနှင့် သို့မဟုတ် အခြားသူများနှင့် ပူးတွဲ၍စွဲဆိုခြင်းခံရသည်ဖြစ်စေ ထိုပြစ်မှုဆိုင်ရာစစ်ဆေးစီရင်မှုတွင် မိမိအ တွက် ကိုယ်တိုင်သက်သေခံရန် အရည်အချင်းရှိသူဖြစ်ရမည်။ ထိုသူ၏ သက်သေခံချက်ကို ထိုသူနှင့် ပူးတွဲ၍ စစ်ဆေးစီရင်ခြင်းခံရသူတစ်ဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ အသုံးပြုနိုင်သည်။ သို့ရာတွင်-

(က) တရားခံကမိမိသဘောအတိုင်း သက်သေခံလိုသောအခါမှတစ်ပါး အခြားအခါများတွင် တရားခံကို သက်သေအဖြစ် စစ်မေးခြင်းမပြုရ၊

(ခ) ရဲတရားရုံးသည် တရားခံ၌သက်သေခံရန် တာဝန်မရှိဟုလည်းကောင်း၊ တရားခံကသက်သေခံ လျှင်တရားခံနှင့် ပူးတွဲ၍စစ်ဆေးစီရင်ခြင်းခံရသူ တစ်ဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ တရားခံ၏သက်သေခံချက်ကို အသုံးပြုနိုင်သည်ဟု လည်းကောင်းတရားခံသက်သေမခံမီ တရားခံအား သတိပေးရမည်၊

(ဂ) တရားခံက သက်သေခံချက်မပေးလိုပါက ကျမ်းသစ္စာမပြုဘဲဖြစ်စေ၊ ကတိသစ္စာမပြုဘဲဖြစ်စေ ထွက်ဆိုချက်ပေးလိုက ပေးခွင့်ပြုရမည်။ တရားခံမှ သက်သေခံချက်သော်လည်းကောင်း၊ ထွက်ဆိုချက် သော်လည်းကောင်း မပြုပါက ထိုသို့မပြုခြင်းအချက်ကို အကြောင်းပြုလျက် တရားလိုဘက်ကသော် လည်းကောင်း၊ ရဲတရားရုံးက သော်လည်းကောင်း တရားခံအားနစ်နာစေမည့် ယူဆချက်ကိုပြောဆိုခြင်း သို့မဟုတ် ယူဆခြင်းမပြုရ။

☐ ၄၅။ (က) ရဲတရားရုံး၏ ဥက္ကဋ္ဌသို့မဟုတ် တရားခံ၏ရဲတပ်ဖွဲ့ခွဲမှူး သို့မဟုတ် ရဲတပ်ဖွဲ့မှူးသည် မိမိလက် မှတ်ရေးထိုးသော ဆင့်စာဖြင့် ပုဂ္ဂိုလ်တစ်ဦးအား သက်သေခံရန်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်ခုခု ကိုသော်လည်းကောင်း၊ အခြားတစ်ခုခုကိုသော်လည်းကောင်း တင်ပြရန်ဖြစ်စေ ဆင့်စာတွင်ဖော်ပြထား သည့် နေ့ရက်နှင့်အချိန်တွင် ဖော်ပြထားသည့်နေရာသို့ လာရောက်ရန်ဆင့်ခေါ်နိုင်သည်၊

(ခ) ဤဥပဒေကိုလိုက်နာရသူတစ်ဦးအတွက် ဖြစ်ပါကထိုသူ၏ ရဲတပ်ဖွဲ့ခွဲမှူး သို့မဟုတ် ရဲတပ်ဖွဲ့မှူးထံ သို့ ဆင့်စာကိုပို့ရမည်။ ထိုရဲတပ်ဖွဲ့ခွဲမှူး သို့မဟုတ် ရဲတပ်ဖွဲ့မှူးကထိုသူအပေါ် ဆင့်စာချအပ်ရမည်၊

(ဂ) အခြားသက်သေတစ်ဦးဦးအတွက်ဖြစ်ပါက ထိုသက်သေရှိနိုင်သော သို့မဟုတ် နေထိုင်သောဒေသ အတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးထံ ဆင့်စာပို့ရမည်။ ထို့အပြင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် ထိုသက်သေအပေါ် မိမိ၏တရားရုံးတွင် အလိုရှိသည့်သက်သေဖြစ်ဘိ သကဲ့သို့ ဆင့်စာချအပ်ရမည်၊

(ဃ) သက်သေတစ်ဦး၏ လက်ရှိဖြစ်သော သို့မဟုတ် စီမံခန့်ခွဲနိုင်ခွင့်ရှိသော အခြားစာတမ်းအမှတ် အသား တစ်ခုခုကိုသော်လည်းကောင်း၊ အခြားအရာတစ်ခုခုကိုသော်လည်းကောင်း ထိုသက်သေအား တင်ပြစေ လိုသောအခါဆင့်စာတွင် ထိုစာတမ်းအမှတ် အသား သို့မဟုတ် အရာတစ်ခုခု ကို တိကျမှန် ကန်နိုင် သမျှ မှန်ကန်အောင်ဖော်ပြရမည်။

<ပြင်ဆင် 11.02.2024>

☐ ၄၆။ (က) ရဲတရားရုံးသည် အမှုတွင်ပေါ်ပေါက်သောသက်သေခံချက်များအရ မူလစွပ်စွဲထားသည့် ပြစ်မှု အရ အပြစ်ရှိကြောင်းပေါ်လွင်မှုမရှိဘဲ အခြားပြစ်မှုအရ သို့မဟုတ် အခြားသောအခြေအနေအကြောင်း အချက်များအရ အပြစ်ရှိသည်ဟု ထင်မြင်ယူဆပါက အထူးဆုံးဖြတ်ချက်ချမှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ အထူးဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြစ်မှုအမျိုးအစားတူသော ပြစ်မှုများဖြစ်ရမည့် အပြင် လျော့နည်းသည့်ပြစ်မှု သို့မဟုတ် လျော့နည်းသည့်အခြေအနေ အကြောင်းအချက်များဖြစ်ရမည်။

☐ ၄၇။ ရဲတရားရုံးသည် ဤဥပဒေကိုလိုက်နာရသူတစ်ဦးအား ပြစ်မှုတစ်ခုခုအတွက် ပြစ်မှုထင်ရှားစီရင် သည့်အခါ ထိုသူအားရဲတရားရုံးက ဖြစ်စေ၊ တရားရုံးကဖြစ်စေ ယခင်ပြစ်မှုထင်ရှားစီရင် ခြင်း သို့မဟုတ် ပုဒ်မ ၂၈ အရယခင်ပြစ်ဒဏ်ချမှတ်ခြင်း တစ်ခုခုကို ရဲတရားရုံးကစုံစမ်းနိုင်သည့်အပြင် ၎င်းတို့နှင့်စပ်လျဉ်းသည့် သက်သေခံချက်များကိုရယူနိုင်သည်။ ထို့အပြင်

ဆက်လက်၍ထိုသူ၏ အကျင့် စာရိတ္တနှင့် သတ်မှတ်ထားသည့် အခြားအကြောင်းအရာများကို သက်သေခံချက်များရယူ၍ ရေးမှတ်နိုင် သည်။

<ပြင်ဆင် 11.02.2024>

**၄၈။** ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့်စပ်လျဉ်းသော သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက် အသုံးပြုခဲ့ ပုံပေါ်သောပစ္စည်းကို အမှုစစ်ဆေးစီရင်နေစဉ်အတွင်း ရဲတရားရုံးရှေ့သို့တင်ပြသောအခါ ထိုရဲတရားရုံး သည် ထိုစစ်ဆေးစီရင်မှု မပြီးပြတ်သေးမီအတွင်းတွင်ဖြစ်စေ၊ စစ်ဆေးစီရင်ပြီးသောအခါတွင်ဖြစ်စေ ထိုပစ္စည်းကို ကောင်းမွန်စွာထိန်းသိမ်းရန် သို့မဟုတ် သင့်လျော်သလိုစီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

**၄၉။** (က) ရဲတရားရုံးက စစ်ဆေးစီရင်ပြီးဆုံးသည့်အခါ ထိုရဲတရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ အတည်ပြုသည့်ရဲချုပ်သည် ရဲတရားရုံးတွင် တင်ပြထားသည့်သို့မဟုတ် ရဲတရားရုံးကထိန်းသိမ်းထားသည့် သို့မဟုတ် ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့် စပ်လျဉ်းသော သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက် အသုံးပြုခဲ့သောပစ္စည်းကိုဖြစ်စေ၊ စာတမ်းအမှတ်အသားကိုဖြစ်စေ ရဲတရား ရုံးကစီမံခန့်ခွဲမှုမပြုခဲ့သေးပါက ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ဖြင့်သော်လည်းကောင်း၊ လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်ခြင်းဖြင့်သော်လည်း ကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း စီမံခန့်ခွဲရန် သင့်လျော်သည်ဟု ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်၊

(ခ) ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့်စပ်လျဉ်းသည့်ပစ္စည်းနှင့် သက်ဆိုင်သောအမိန့်တစ်ခုခုကို ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ ပုဒ်မခွဲ (က) အရချမှတ်သည့်အခါ ထိုပစ္စည်းအခါအားလျော်စွာတည်ရှိရာနယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးထံ အဆိုပါအမိန့်ကိုချမှတ်ထားသည့် ရဲတရားရုံး သို့မဟုတ် ရဲချုပ်ကထိုအမိန့်၏တာဝန်ခံမိတ္တူ တစ်စောင်ကိုလက်မှတ်ရေးထိုးပြီးပို့နိုင်သည်။ ထိုရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထိုအမိန့်ကို မိမိ ကချမှတ်သည့် အမိန့်ဖြစ်ဘိသကဲ့သို့ ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

**ရှင်းလင်းချက်။** ဤပုဒ်မတွင် ပစ္စည်းဆိုသည့်စကားရပ်၌ ကျူးလွန်ခဲ့ပုံပေါ်သောပြစ်မှုနှင့် စပ်လျဉ်းသည့် ပစ္စည်းဖြစ်လျှင် တစ်ဦးတစ်ယောက်သောသူ မူလလက်ရှိဖြစ်သော သို့မဟုတ် ကြီးကြပ်အုပ်ချုပ်ထား သောပစ္စည်း သာမက ထိုပစ္စည်းမှပြောင်းလဲလိုက်သည့် သို့မဟုတ် ထိုပစ္စည်းနှင့် လဲလှယ်လိုက်သည့် ပစ္စည်းပါဝင်သည့်အပြင် ထိုသို့ပြောင်းလဲခြင်းကြောင့်ဖြစ်စေ၊ လဲလှယ်ခြင်းကြောင့်ဖြစ်စေ ချက်ချင်းသော် လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသောပစ္စည်းလည်းပါဝင်သည်။

<ပြင်ဆင် 11.02.2024>

**၅၀။** ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ စစ်ဆေးစီရင်ခြင်းကို ရာဇသတ်ကြီးပုဒ်မ ၁၉၃နှင့် ပုဒ်မ ၂၂၈ တို့၏ အဓိပ္ပာယ်အရ တရားစီရင်သော မှုခင်းကိစ္စတစ်ခုဖြစ်သည်ဟု မှတ်ယူရမည့်အပြင် ထိုရဲတရားရုံးကို လည်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀နှင့် ပုဒ်မ ၄၈၂ တို့၏အဓိပ္ပာယ်အရတရားရုံးဟုမှတ်ယူရ မည်။

<ပြင်ဆင် 11.02.2024>

## အခန်း (၁၀)
## အတည်ပြုခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း

**၅၁။** ရဲတရားရုံး၏ဆုံးဖြတ်ချက် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်သည် ဤဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် အတိုင်းအတည်မပြုမချင်း မခိုင်လုံ။

**၅၂။** ရဲချုပ်သည် ရဲတရားရုံး၏ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုနိုင်သည့် အာဏာ ပိုင်ဖြစ်သည်။

☐ ၅၃။ (က) ရဲချုပ်သည် ရဲတရားရုံး၏ဆုံးဖြတ်ချက်အား လျော့နည်းသည့်ပြစ်မှုအရ သို့မဟုတ် လျော့နည်း သည့်အခြေအနေ အကြောင်းအချက်များအရ အပြစ်ရှိကြောင်းသုံးသပ်လျှင် အထူးဆုံးဖြတ်ချက်တစ်ရပ် ဖြင့် အစားထိုးပြောင်းလဲနိုင်သည်၊

(ခ) ရဲချုပ်သည် ရဲတရားရုံး၏ပြစ်ဒဏ်ချမှတ်ချက်အား လျှော့နိုင်သည်၊ လွတ်ငြိမ်းသက်သာခွင့်ပြုနိုင် သည် သို့မဟုတ် ပုဒ်မ ၃၃ တွင် ဖော်ပြထားသည့် ပြစ်ဒဏ်အမျိုးအစားများမှ ပို၍နိမ့်သော ပြစ်ဒဏ်တစ် ခုခုသို့လျှော့ပေါ့ပြောင်းလဲ နိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) အရအစားထိုးသည့် ဆုံးဖြတ်ချက်တစ်ခုခု သို့မဟုတ် ပုဒ်မခွဲ (ခ)အရ လျှော့ပေါ့ပြောင်း လဲလိုက်သည့် ပြစ်ဒဏ်တစ်ခုခုသည် ဤဥပဒေနှင့် ဤဥပဒေအရပြုသည့်နည်းဥပဒေများ၏ ကိစ္စများအ လို့ငှာ ရဲ တရားရုံး၏ဆုံးဖြတ်ချက် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက် ဖြစ်ဘိသကဲ့သို့အကျိုးသက်ရောက် စေရမည်၊

(ဃ) ရဲချုပ်သည် ရဲတရားရုံး၏မှုခင်းကိစ္စ ဆောင်ရွက်ထားခြင်းအား ဥပဒေနှင့်မညီသည့်အကြောင်းအ ချက်များတွေ့ရှိလျှင်ဖြစ်စေ၊ တရားမျှတမှုမရှိသည့် အကြောင်းအချက်များ တွေ့ရှိလျှင်ဖြစ်စေ မှုခင်းကိစ္စ ဆောင်ရွက်ခြင်းကို လည်းကောင်း၊ ရဲတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုလည်းကောင်း ပယ်ဖျက်နိုင် သည်။

☐ ၅၄။ (က) အတည်မပြုရသေးသည့်ရဲတရားရုံး၏ ဆုံးဖြတ်ချက် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုအာဏာပိုင်၏ အမိန့်ဖြင့်ပြန်လည်ပြင်ဆင်ခြင်း တစ်ကြိမ်ပြုလုပ်နိုင်သည့်အပြင် ထိုသို့ပြန် လည်ပြင်ဆင်ရာတွင် အတည်ပြုအာဏာပိုင် က ညွှန်ကြားလျှင် ထိုရဲတရားရုံးသည် ညွှန်ကြားသည့် အတိုင်း နောက်ထပ်သက်သေခံချက်ယူနိုင်သည်၊

(ခ) ပြန်လည်ပြင်ဆင်ခြင်း ပြုလုပ်ရာ၌ မူလဆုံးဖြတ်ချက်ချမှတ်စဉ်က ရုံးထိုင်ခဲ့သည့်ရဲအရာရှိများပါဝင်ရ မည်။

<ပြင်ဆင် 11.02.2024>

## အခန်း (၁၁)
## အသနားခံခြင်း

☐ ၅၅။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် မိမိအားရဲတရားရုံး၏ဆုံးဖြတ်ချက်က ဖြစ်စေ၊ ပြစ်ဒဏ်ချ မှတ်ချက်ကဖြစ်စေ နစ်နာစေသည်ဟုယူဆလျှင် ဝန်ကြီးထံ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသနား ခံစာတင်နိုင်သည်။

☐ ၅၆။ (က) ဝန်ကြီးသည် အတည်ပြုပြီးသောရဲတရားရုံး၏ ဆုံးဖြတ်ချက်အား လျော့နည်းသည့်ပြစ်မှုအရ သို့မဟုတ် လျော့နည်းသည့် အခြေအနေနှင့် အကြောင်းအချက်များအရ အပြစ်ရှိကြောင်း သုံးသပ်လျှင် အထူးဆုံးဖြတ်ချက်တစ်ရပ် ဖြင့် အစားထိုးပြောင်းလဲနိုင်သည်၊

(ခ) ဝန်ကြီးသည် အတည်ပြုပြီးသောရဲတရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်အား လျှော့နိုင်သည်။ လွတ်ငြိမ်း သက်သာခွင့်ပြု နိုင်သည်။ သို့မဟုတ် ပုဒ်မ ၃၃တွင် ဖော်ပြထားသည့်ပြစ်ဒဏ်အမျိုးအစားများမှ ပို၍နိမ့် သော ပြစ်ဒဏ်တစ်ခုခုသို့ လျှော့ပေါ့ပြောင်းလဲနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က)အရ အစားထိုးသည့် ဆုံးဖြတ်ချက်တစ်ခုခု သို့မဟုတ် ပုဒ်မခွဲ (ခ) အရလျှော့ပေါ့ပြောင်း လဲလိုက်သည့် ပြစ်ဒဏ်တစ်ခုခုသည် ဤဥပဒေနှင့်ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၏ ကိစ္စများအ လို့ငှာ ရဲ တရားရုံး၏ဆုံးဖြတ်ချက် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေ ရမည်၊

(ဃ) ဝန်ကြီးသည် အတည်ပြုပြီးသောရဲတရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ထားခြင်းအား ဥပဒေနှင့် မညီ သည့် အကြောင်းအချက်များ တွေ့ရှိလျှင်ဖြစ်စေ၊ တရားမျှတမှုမရှိသည့် အကြောင်းအချက်များ တွေ့ရှိလျှင် ဖြစ်စေ မှုခင်း ကိစ္စ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ရဲတရားရုံး၏ ပြစ် မှုထင် ရှားစီ ရင်ခြင်းကိုလည် ကောင်းပယ်ဖျက်နိုင်သည်၊

(င) ဝန်ကြီးသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) ပါအခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် အသ နားခံစာလက်ခံ ရရှိသည့် နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်းသာဆောင်ရွက်နိုင်ခွင့်ရှိသည်။

## အခန်း (၁၂)
## အထွေထွေ

☐ ၅၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 11.02.2024>

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့